# အရေးကြီး ဗြီညီနောင်အပေါင်းတို့၊ သွေးစည်းကာ ညီကြစို့

အမိမြန်မာနိုင်ငံမှာ အာဏာရူး နအဖစစ်အုပ်စုက ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ လောင်စာဆီဈေးနှုန်းကို ၂၀၀ ရာခိုင် နှုန်းက ၆၀၀ ရာခိုင်နှုန်းထိ ကြိုတင်အသိပေးခြင်းမရှိပဲ ရုတ်တရက်တိုးမြှင့်လိုက်တဲ့အတွက် ရွေးစရာလမ်းမရှိတော့တဲ့ ပြည်သူလူထုရဲ့ လမ်းမပေါ်မှာ ဆန္ဒဖော်ထုတ် လမ်းလျှောက်ပွဲတွေဖြစ်ပေါ်လာခဲ့ရပါတယ်။

ငြိမ်းချမ်းစွာ လမ်းလျှောက်ဆန္ဒပြခဲ့ကြတဲ့ ပြည်သူလူထုကို နအဖစစ်အုပ်စုက ကြေးစားလူမိုက်လူရမ်းကား ကြံ့ဖွံ့တွေ အသုံးပြုပြီး အကြမ်းဖက်တိုက်ခိုက် ဖမ်းဆီးခဲ့ကြတယ်၊ ကလေးသူငယ်တွေ၊ မိန်းမပျိုငယ်တွေ၊ ကလေးအမေတွေ၊ သက်ကြီးရွယ် အိုတွေပါမကျန် ရက်စက်ကြမ်းတမ်းစွာနဲ့ ရမ်းကားခဲ့တယ်။ အတိဒုက္ခရောက်နေတဲ့ ပြည်သူလူထုနဲ့ တသားတည်းပူးပေါင်းဆောင် ရွက်ခဲ့ကြတဲ့ ၈၈၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေဖြစ်ကြတဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမြအေး၊ ကိုဂျင်မီ တို့ကို ဥပဒေမဲ့ ဖမ်းဆီးခဲ့ပြီး အခုဆိုရင် ဖမ်းဆီးခံရတဲ့သူစုစုပေါင်း ၁၀၀ ကျော်သွားခဲ့ပါပြီ၊ အခုနောက်ဆုံးရတဲ့သတင်းတွေအရ မစုစုနွေးကိုလည်း ဖမ်းဆီးလိုက်တယ်လို့သိရပါတယ်။ အဲဒီလိုဖမ်းဆီးခံနေရတဲ့ကြားထဲက မြန်မာနိုင်ငံအနှံ့မှာ ဆန္ဒဖော်ထုတ်ပွဲတွေ ပိုမိုဖြစ်ပွားလာနေပါတယ်။

မြန်မာနိုင်ငံက နအဖစစ်အုပ်စုရဲ့ လူမဆန်တဲ့လုပ်ရပ်တွေအတွက် ယဉ်ကျေးတဲ့ လူကမ္ဘာအသိုင်းအဝိုင်းကချက်ခြင်းဆိုသလို ဝိုင်းဝန်းကန့်ကွက်ခဲ့ကြပြီး မြန်မာပြည်သူတွေဖက်က ရပ်တည်အားပေးခဲ့ကြတယ်၊ အဖမ်းခံရသူတွေလွှတ်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ အမေရိကန်၊ အင်္ဂလန်၊ အိုင်စလန်၊ ကနေဒါ၊ ဆွီဒင်၊ ဒိန်းမတ်၊ နော်ဝေစတဲ့ ဥရောပသမဂ္ဂနိုင်ငံတွေက ချက်ခြင်းဆိုသလိုအသံတွေထွက်ပေါ်လာပေမဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံလည်းဖြစ်၊ ဒီမိုကရေစီနိုင်ငံတခုလည်းဖြစ်တဲ့ ဂျပန်နိုင်ငံကတော့ လက်ရှိမြန်မာနိုင်ငံကအခြေအနေဆိုးတွေကို လစ်လျူရှုပြီး မမြင်ဟန်ဆောင်နေပါတယ်။

ဂျပန်ရောက် မြန်မာနိုင်ငံသားအပေါင်းတို့ … … အမိနိုင်ငံက အကြမ်းဖက်ခံနေရတဲ့ နိုင်ငံသားတွေကို ထောက်ခံအားပေးကူညီဖို့၊ သူခိုးဂျပိုးကြံ့ဖွံ့နဲ့ အကြမ်းဖက်နအဖစစ်အုပ်စုကို ဆန့်ကျင်ရှုတ်ချဖို့၊ လူသားခြင်းစာနာထောက်ထားမှုကင်းတဲ့ ဂျပန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ လုပ်ရပ်ကို ရှုတ်ချဖို့ နိုင်ငံသားတိုင်းပါဝင်ဖို့လိုအပ်နေပါပြီ။ မဖြစ်မနေပူးပေါင်းပါဝင်ကြဖို့ဖိတ်ခေါ်ပါတယ်။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်(အင်္ဂါ)၊ ၂၉ ရက်(ဗုဒ္ဓဟူး) – နအဖ ဆက်ကြေးကောက် အခွန်ရုံးရှေ့၊နံနက် ၁၀ နာရီမှ ညနေ ၄း ၀၀ နာရီ။

၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်(ကြာသာပတေး)၊ ၃၁ ရက်(သောကြာ)၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရုံးအရှေ့။
နေ့လည် ၂း၀၀ နာရီမှ ညနေ ၄း၀၀ နာရီ ။
(မြေအောက်ရထား **Marunouchi** လိုင်း၊ **Hibiya** လိုင်း၊ **Kazumigakseki** ဘူတာ၊ **A 8** ထွက်ပေါက်)

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်၊ တနင်္လာ၊ ၄ ရက် (အင်္ဂါ) – နအဖ ဆက်ကြေးကောက် အခွန်ရုံးရှေ့၊ နံနက် ၁၀ နာရီမှ ညနေ ၄း ၀၀ နာရီ။

ဆက်သွယ်ရန် ။ ၀၉၀ ၄၉၆၄ ၉၇၁၈၊ ၀၉၀ ၉၈၃၁ ၇၁၉၂၊ ၀၉၀ ၆၀၃၁ ၄၃၉၄၊ ၀၉၀ ၄၂၂၁ ၁၉၈၈၊ ၀၉၀ ၆၀၄၀ ၈၂၈၂၊ ၀၉၀ ၂၅၂၅ ၁၉၆၆၊ ၀၉၀ ၅၅၂၆ ၅၅၀၇၊ ၀၉၀ ၇၁၇၂ ၀၅၉၄၊ ၀၉၀ ၆၄၈၇ ၃၉၃၄၊ ၀၉၀ ၇၂၄၇ ၆၀၉၉၊ ၀၉၀ ၁၅၀၆ ၂၈၉၃၊

ဂျပန်နိုင်ငံရောက် မြန်မာ့အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ
(Joint Action Committee of Burmese Community in Japan)

(ရှေ့ဆက်၍ လှုပ်ရှားမှု အစီအစဉ်များအား ဆက်လက်ကြေငြာပါမည်။)